The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

# ဂါနာ သမ္မတနိုင်ငံ

## Ghana








ဂါနာနိုင်ငံသည် အာဖရိကတိုက် အနောက်ပိုင်းတွင်တည်ဟိသည်။ ၁၀ ရာစု တောင်ပိုင်းမာလီအိန်ပါယာ ဂါနာ နှင့် ခေတ်သစ်ဂါနာရို့ကြားမှ ဆက်စပ်မှုအခြင်းအရာနှင့် ပါက်သက်၍ သေချာစွာပြောဆိုရန်ခဲယဉ်းသော်လည်း ဥရောပတိုက်သားများရောက်မလာမီအချိန်အထိ ဂါနာသည် အိန်ပါယာသျှင်များကြီးစိုးသောဒေသဖြစ်ခပါသည်။ နိမြိသစ်များစွန့်စားရှာဖွီသည့်ရာစုနှစ်များအတွင်းတွင်မူ ဂါနာ ကမ်းရိုးတန်းအား ရွှီကမ်းခြီ ဟုပင် တင်စားခေါ်ဝေါ်ခကတ်ပါသည်။ ဘဇာကြောင့်ဆိုသော် ယင်းကမ်းခြီမှ ရွှီသတ္တုလည်းထွက်ဟိပြီး ရွှီမဲ ဟုခေါ်ဝေါ်သမုတ်ကတ်သည့် အာဖရိကန်ကျွန်များကို ယင်းကမ်းခြီမှတဆင့် အမေရိက၊ ဥရောပနှင့် ကမ္ဘာအနှံ့သို့ တင်ပို့ရောင်းချကတ်သောကြောင့်ဖြစ်ပါသည်။ ကျွန်ရောင်းဝယ်စခန်းများကို ဗြိတိသျှ၊ ဒန်းနိချ် နှင့် ပေါ်တူဂီရို့မှ ကမ်းခြီတလျှောက်တွင် အပြိုင်အဆိုင်ဖွင့်လှစ်ထားခကတ်ပါ၏။ ကျွန်စျီးကွက်ကာလ ကုန်ဆုံးသည့် ၁၈၅၀ ခုနှစ်များတွင်မူ ရွှီကမ်းခြီတစ်ခုလုံးသည် ဗြိတိသျှရို့၏ ထိမ်းချုပ်မှုအောက်တွင်ရောက်ဟိလားလီသည်။ ယင်းနောက်ဂါနာသည် ၁၈၇၁ ခုနှစ်တွင် ဗြိတိသျှ အစောင့်ရှောက်ခံနယ်မြီအဖြစ်လည်းကောင်း၊ ၁၈၈၆ ခုနှစ်တွင်မူ ဗြိတိသျှကိုလိုနီအဖြစ် တဆင့်ပြီးတဆင့်ရောက်ဟိလားလီသည်။ ထိုနောက် ၁၉၄၆ ခုနှစ်တွင် ဗြိတိသျှရို့အနီဖြင့် ဂါနာ အား ဖွဲ့စည်းအုပ်ချုပ်ပုံအခြီခံဥပဒေကိုရီးဆွဲစီပြီး ၁၉၆၀ ခုနှစ်တွင်မူ လုံးဝလွတ်လပ်သောနိုင်ငံတစ်နိုင်ငံဖြစ်လာလတ်ပါသည်။

၁၉၆၆ ခုနှစ်နောက်ပိုင်းမှစ၍ ဂါနာ ၌ စစ်ဖက်နှင့်အရပ်ဖက်အစိုးရများ တစ်လှည့်စီဟိနီခကတ်ပါ၏။ ၁၉၈၉ ခုမှစ၍ ဂါနာသည် အရပ်ဖက်အစိုးရများပြန်လည်အုပ်ချုပ်သည့်နိုင်ငံဖြစ်လာပြီးနောက် ၂၀၀၉ ခုနှစ်၊ ဂျူလိုင်တွင် အမေရိကန်သမ္မတအိုဘားမားသည် အာဖရိကအတွက် အဓိကမိန့်ခွန်းကို ပီးရန်အတွက် ယင်း၏တည်ငြိမ်သောဒီမိုခရေစီအစိုးရတည်ဟိမှုကြောင့် ဂါနာ နိုင်ငံကိုရွီးချယ်ခလီသည်။

တရားဝင်အမည်။ ။ ဂါနာသမ္မတနိုင်ငံ။

နိုင်ငံတည်ထောင်သည့်ခုနှစ်။ ။ ၁၉၅၇

မြို့တော်။ ။ အက္ကရာ။

လူဦးရေ။ ။ ၂၀.၉ သန်း

လူဦးရေသိပ်တည်းမှုနှုန်း။ ။ ၁စတုရန်းမိုင်လျှင် ၂၃၅ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၉၁ ယောက်)

အကျယ်အဝန်း။ ။ ၉၂၁၀၀ စတုရန်းမိုင် ( ၂၃၈၅၄၀ စတုရန်းခီလိုမီတာ)

ပြောဆိုသည့်ဘာသာစကား။ ။အိင်္ဂလိချ် (ရုံးသုံး)၊ တွီ၊ ဖန်တီ၊ အွီ၊ ဂါ၊ အက်ဒန်ဘီ၊ ဂါမာ၊ ဒါဂွမ်ဘာ (ဒါဘာနီ)။

ကိုးကွယ်သည့်ဘာသာ။ ။ ခရစ်ယံ ၆၉ ရာနှုန်း၊ မူဆလိမ် ၁၆ ရာနှုန်း၊ မိရိုးဖလာကိုးကွယ်ယုံကြည်မှု ၉ ရာနှုန်း၊ အခြား ၆ ရာနှုန်း။

နီထိုင်သည့်လူမျိုးများ။ ။ အာရှန်တီနှင့်ဖန်တီ ၅၂ ရာနှုန်း၊ မူရှီဒိုဂွမ်ဘာ ၁၆ ရာနှုန်း၊ အွီ ၁၂ ရာနှုန်း၊ အခြား ၁၁ ရာနှုန်း၊ ဂါနှင့်ဂါအက်ဒန်ဘီ ၈ ရာနှုန်း၊ ယိုရူဘာ ၁ ရာနှုန်း။

အစိုးရ။ ။ သမ္မတစံနစ်။

ငွီကြီးယူနိ။ ။ ၁ စေဒီ လျှင် ၁၀၀ စေဝါ။

စာတတ်မြောက်မှုနှုန်း။ ။ နိုင်ငံလူဦးရေ၏ ၇၄ ရာနှုန်း။

ခယ်လိုရီစားသုံးမှု။ ။ ၂၆၇၀ ခယ်လိုရီ။

ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းမာ ချမ်းသာ ဟိကတ်ပါစီ။ ။